CHANT CHAN PUBLISHING HOUSE

# ပျော်ရွှင်စန္ဒရား




ပြည့်ခိုင်ဝင်း

စာတွေရေးတယ်ဆိုတာမျိုးက

ဒါကတော့... ကျွန်တော် လျှောက်ခဲ့တဲ့ လမ်းလေး

ဒါကတော့... ကျွန်တော် လက်နဲ့ ခပ်ဖွဖွ ထိလာခဲ့တဲ့ နံရံလေး

ဒါကတော့... ကျွန်တော် ငေးမောခဲ့ဖူးတဲ့ အဆောက်အဦလေး

တစ်ချိန်ချိန်မှာ ဒါလေးတွေကို ပြန်အမှတ်ရချင် ပြုံးချင်မိတဲ့ ရည်ရွယ်ချက်မဟုတ်တဲ့ စိတ်ကူးသက်သက်မျှပါပဲ။

ရယ်ရွှင်ကခုန်ချင်စဖွယ် တေးသွားဖြစ်ဖြစ်

နာကျင်လှိုက်မောဖွယ်ရာ တေးသွားဖြစ်ဖြစ်

ကလေးငယ်တွေနဲ့ ကြောင်ကလေးတွေက အစ

မျှဝေခံစားလို့ ရအောင် အသံထုတ်လွှင့်နိုင်တဲ့

စန္ဒရားလေးတစ်လုံးလို

ဒီစာအုပ်ကို စာဖတ်သူတွေဆီ အရောက်ပို့ချင်ခဲ့မိပါတယ်။

ပြည့်စုံဝင်း
(၁၉၉၂)

******

## ပြည့်စုံဝင်း

သူ့စကားလုံးတွေက
ကျွန်မ အရှုတ္တထဲ ဖြတ်စီးဆင်း
ကျွန်မ စိတ်ကို သယ်ဆောင်
အေးမြခြင်းနဲ့ ထိတွေ့စေခဲ့..

ချစ်သူ ခင်သူတွေကို
အဲဒီလို အေးမြတဲ့ အထိအရှလေးနဲ့
ပေးတွေ့ချင်မိလာ..

ဒီလိုနဲ့
သူ့စာလေးတွေ စုစည်းချင်တာက
ကျွန်မ အိပ်မက်ဖြစ်လာခဲ့....တာပါ။

မသင်းမြ
(စီစဉ်သူ)

*****